# Information Sheet



VOLUME XI, ISSUE 25 — 25 December 2021


| ★ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | (၇၄) နှစ်မြောက် တပ်မတော်(ရေ)နေ့အထိမ်းအမှတ် ရေငုပ်သင်္ဘောစစ်ရေယာဉ်နှင့် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့် | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး | ၈ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သန်လျင်ဖန်ချက်စက်ရုံ အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ် | ၁၁ |
| ၄ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပ | ၁၄ |
| ၅ | KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို ရဲဝံ့စွာတုံ့ပြန်တိုက်ခိုက်ခဲ့သည့် မိုးကောင်းမြို့နယ်၊ ဆားမှော်မြို့ရှိ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ | ၁၅ |
| ၆ | KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ခရီးသည်တင်လေယာဉ်အား လွိုင်ကော်လေဆိပ်သို့ ဆင်းသက်ရောက်ရှိစဉ် ရှော့ခ်တိုက်ဒုံးဖြင့် အချိန်ကိုက်ပစ်ခတ် | ၁၆ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၇ | ဖရူဆိုမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များအား KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မော်တော်ယာဉ်များပေါ်မှ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပစ်ခတ်ဖမ်းဆီး | ၁၈ |
| ၈ | PDF အမည်ခံ အကြမ်းဖက်သမားများက သာမန်အရပ်သားပြည်သူများ သွားလာ အသုံးပြုနေသော ရထားလမ်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး | ၂၀ |
| ၉ | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်တွင် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ရေးနှင့် မသက်ဆိုင်သော အရပ်ဘက် ပစ်မှတ်များအား ပစ်ခတ်တိုက်ခိုက် | ၂၁ |
| ၁၀ | စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ အကြမ်းဖက်သမားများက ခရိုင်ပညာရေးမှူးရုံးနှင့် စာသင်ကျောင်းတို့အား မီးရှို့ဖျက်ဆီး | ၂၃ |
| ၁၁ | PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့်မိုင်းများအား လုံခြုံရေးတပ်ဖွဲ့များက ရှာဖွေဖော်ထုတ်သိမ်းဆည်း | ၂၄ |
| ၁၂ | အင်းစိန်မြို့နယ်၊ လှိုင်မြစ်လမ်း၊ အင်းစိန်ခုံးကျော်တံတားလမ်းပေါ်တွင် လုယက်မှုဖြစ်စဉ်မှ တရားခံများ ဖမ်းဆီးရမိ | ၂၆ |
| ၁၃ | ဖမ်းဆီးရမိသည့် အကြမ်းဖက်သမားများအား စစ်တရားရုံးဖြင့် စစ်ဆေးပြီး ပြစ်ဒဏ်အသီးသီးချမှတ် | ၃၁ |

# Information Sheet

## (၇၄) နှစ်မြောက် တပ်မတော်(ရေ)နေ့အထိမ်းအမှတ် ရေငုပ်သင်္ဘောစစ်ရေယာဉ်နှင့် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေငုပ်သင်္ဘောစစ်ရေယာဉ်(မင်းရဲကျော်ထင်)၏ အမည်ကမ္ပည်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးနေမှု**

ဒီဇင်ဘာလ ၂၄ ရက်တွင် ရန်ကုန်မြို့ရှိ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား၌ ကျင်းပပြုလုပ်သော (၇၄)နှစ်မြောက် တပ်မတော်(ရေ)နေ့အထိမ်းအမှတ် ရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲကျော်ထင်) အပါအဝင် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုခဲ့ပါသည်။

အစီအစဉ်အရ စစ်ဦးစီးအရာရှိချုပ်(ရေ)က တပ်တော်ဝင်စစ်ရေယာဉ်ဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြခြင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်တော်ဝင်အခမ်းအနား အထိမ်းအမှတ် စစ်ရေယာဉ် ပုံစံငယ်များကို ဂါရဝပြုပေးအပ်ခြင်းနှင့် စစ်ဦးစီးအရာရှိချုပ်(ရေ)က တပ်တော်ဝင်စစ်ရေယာဉ်များအဖြစ် ကြေညာပြီး တပ်တော်ဝင်အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲကျော်ထင်)၏ အမည်ကမ္ပည်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စစ်ရေယာဉ်မှူးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အထိမ်းအမှတ်တံဆိပ်ကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်စစ်ရေယာဉ်များဖြစ်သည့် ရေငုပ်သင်္ဘောစစ်ရေယာဉ်(မင်းရဲကျော်ထင်)အပါအဝင် ကမ်းလွန်ရေယာဉ် ၁ စီး၊ မြစ်တွင်းသွားကင်းလှည့်ရေယာဉ် ၂ စီးနှင့် မြစ်တွင်းအမြန်သွား ကင်းလှည့်ရေယာဉ် ၂ စီးတို့အား လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုတပ်ဖွဲ့နှင့် စစ်ရေယာဉ် (ရန်တိုင်းအောင်)နှင့် စစ်ရေယာဉ်(ရန်ကြီးအောင်)တို့မှ အမြောက် ၂၁ ချက်ပစ်ဖောက်၍ ဂုဏ်ပြုအလေးပြုခဲ့ပြီး ဖရီဂိတ်စစ်ရေယာဉ်(အောင်ဇေယျ)ဦးဆောင်သော ဖရီဂိတ်စစ်ရေယာဉ်(ကျန်စစ်သား)၊ ဖရီဂိတ်စစ်ရေယာဉ်(ဆင်ဖြူရှင်)၊ ကော်ဗက်စစ်ရေယာဉ်(တပင်ရွှေထီး)နှင့် အမြန်သွားတိုက်ခိုက်ရေးရေယာဉ်များက Single Line Formation ပုံစံဖြင့်လည်းကောင်း၊ အမြန်သွားကင်းလှည့် ရေယာဉ်များမှ Diamond Formation ပုံစံများဖြင့် အသီးသီးပုံပြမောင်းနှင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချီတက်အလေးပြုခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုမောင်းနှင်ချီတက်အလေးပြု




**(၇၄) နှစ်မြောက် တပ်မတော်(ရေ)နေ့တွင် တပ်တော်ဝင်ခဲ့သည့် စစ်ရေယာဉ် ၄ စီး**

ခဲ့ကြသည့် စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များနှင့် တပ်တော်ဝင်ရေယာဉ်များတည်ဆောက်ခဲ့ချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အရာရှိ၊ စစ်သည်များအတွက် ဂုဏ်ပြုအထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူအသီးသီးထံ ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် ဂုဏ်ပြုအမှာစကားပြောကြားခဲ့ရာ-

- တပ်မတော်(ရေ)၏(၇၄)နှစ်မြောက် အခမ်းအနားတွင် တပ်မတော်(ရေ) အတွက် ဒုတိယမြောက်ရေငုပ်သင်္ဘောအပါအဝင် စစ်ရေယာဉ်များ တပ်တော်ဝင်နိုင်ခဲ့သဖြင့် တပ်မတော်အတွက် ထူးခြားလေးနက်သည့် စွမ်းအားတစ်ရပ်ကို ထပ်မံဖြည့်တင်းပေးသည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း။
- တပ်မတော်(ရေ)ကို ပထမအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အထိ အပြည့်အဝကာကွယ်ပေးနိုင်ရေးအတွက် သုံးဘက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့်ရေတပ် (Three Dimensional Combat Ready Navy) အဖြစ်မျှော်မှန်းပြီး တည်ဆောက်ပေးရာတွင် ရေငုပ်သင်္ဘောတပ်ဖွဲ့ တည်ဆောက်ပေးနိုင်ရန်၊ စစ်ရေယာဉ်များတည်ဆောက်ဖြည့်တင်းနိုင်ရန်၊ လူသားအရင်းအမြစ်များ ပိုမိုတိုးတက်ကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် လိုက်လျောညီထွေဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။
- ရေငုပ်သင်္ဘောတပ်ဖွဲ့တည်ဆောက်ရေးအတွက် ယခင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်ထက်ကတည်းက လူသားအရင်းအမြစ်များကို ကြိုတင်ပြင်ဆင်မှုအနေဖြင့် လေ့ကျင့်မှုများကို ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ရေငုပ်သင်္ဘောတပ်ဖွဲ့လက်တွေ့တည်ဆောက်ရာတွင် အသင့်ဖြစ်ခဲ့ခြင်းဖြစ်ကြောင်း။
- ရေယာဉ်များ တည်ဆောက်ဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်း ရေတပ်သင်္ဘောကျင်းများအား အဆင့်ဆင့် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့၍ အဆိုပါရေတပ်သင်္ဘောကျင်းများမှ ၂၀၁၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ စစ်ရေယာဉ် ၈၈ စီးကို တပ်တော်ဝင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယနေ့တပ်တော်ဝင်သည့် စစ်ရေယာဉ်များအပါအဝင် စုစုပေါင်း ၉၄ စီးကို တပ်တော်ဝင်နိုင်ခဲ့ကြောင်း။
- မိမိတို့စစ်ရေယာဉ်များအနေဖြင့် တစ်စီးချင်းတိုက်ပွဲဝင်ရာတွင် Capability ပိုကောင်းသည့် တိုက်ပွဲဝင်စစ်ရေယာဉ်များဖြစ်စေရေးနှင့် စွမ်းရည်ထက်မြက်သည့် တိုက်ပွဲဝင်စစ်ရေယာဉ်များဖြစ်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။




တပ်တော်ဝင်ခဲ့သည့် ရေငုပ်သင်္ဘောစစ်ရေယာဉ်(မင်းရဲကျော်ထင်)

- တပ်မတော်(ရေ) အတွက် Deck officer များ Deck Crew များ၊ သင်္ဘောအင်ဂျင်ခန်းတွင် တာဝန်ထမ်းဆောင်မည့်သူများကို လေ့ကျင့်မွေးမြူပေးလျက်ရှိသကဲ့သို့ တစ်ဖက်မှလည်း သင်္ဘောတည်ဆောက်ရေးနှင့်ပတ်သက်ပြီး Navy Architect နှင့် Ship Construction ပညာရပ်များသင်ယူနိုင်ရန် လူသားအရင်းအမြစ်များကို ပြည်ပနိုင်ငံများသို့ ပညာတော်သင်များ စေလွှတ်ခြင်းနှင့် လက်တွေ့လေ့ကျင့်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။
- ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်ရေးများအား တပ်ဖွဲ့များအလိုက် စစ်ဆင်ရေးများအပြင် ပြည်ပနိုင်ငံများနှင့် ပူးတွဲလေ့ကျင့်ခန်းများကိုလည်း ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း။
- တပ်မတော်(ရေ)တွင် အမျိုးသားစစ်သည်များသာမက အမျိုးသမီးအရာရှိ၊ စစ်သည်များကိုလည်း လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့၍ အဆိုပါအမျိုးသမီးအရာရှိများကို စစ်ရေယာဉ်များတွင် တာဝန်ပေးပြီး လိုက်ပါဆောင်ရွက်နိုင်ခဲ့သဖြင့် လူသားအရင်းအမြစ်များ အထိုက်အလျောက် ပြည့်စုံတိုးတက်လာပြီဖြစ်ကြောင်း။
- မိမိတို့တပ်မတော်သားများသည် အချိန်အခါမရွေး၊ နေရာဒေသမရွေး၊ ရာသီဥတုမရွေး တာဝန်ထမ်းဆောင်နေကြရသူများဖြစ်သည့်အတွက် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးသည် အထူးအရေးကြီးကြောင်း၊ သာမန်အချိန် သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်ချိန် အလေ့အကျင့်များသည် ပင်လယ်ပြင်တွင် ခရီးသွားတာဝန်ထမ်းဆောင်ရာ၌ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး ဆောင်ရွက်ခဲ့ရာတွင် တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များအနေဖြင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသများရှိ သွားလာရေးခက်ခဲပြီး ရေလမ်းခရီးကိုသာ အားပြုနေထိုင်နေရသည့် အရပ်ဒေသမှ တိုင်းရင်းသားပြည်သူများအတွက် ကာကွယ်ဆေး၊ ကုသဆေးနှင့် အောက်ဆီဂျင်အပါအဝင် အခြားလိုအပ်သည့်ပစ္စည်းများကို စစ်ရေယာဉ်များနှင့် သယ်ယူပို့ဆောင်ရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက်လည်း အသိအမှတ်ပြု ချီးကျူးပါကြောင်း။
- တပ်မတော်သားများအနေဖြင့် မိမိတို့တစ်ဦးချင်း၏ သွားလာနေထိုင်ပြောဆိုမှု လုံခြုံရေး၊ မိမိတာဝန်ထမ်းဆောင်နေသည့် တပ်၏လုံခြုံရေး၊ တပ်မတော်၏လုံခြုံရေးတို့ကို သတိပြုရမည်ဖြစ်ပြီး ရှင်သန်ရပ်တည်နေထိုင်နေကြရသည့် နိုင်ငံတော်၏ လုံခြုံရေးကိုပါ တစ်ဦးချင်းအသိစိတ်ဓာတ်များဖြင့် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။
- မြန်မာ့ပင်လယ်ပြင်ရှိ ကြွယ်ဝသည့် ရေပေါ်ရေအောက် သယံဇာတအရင်းအမြစ်များ စောင့်ရှောက်ကာကွယ်ရေး၊ နိုင်ငံ၏ ပင်လယ်ပြင်အခြေပြုစီးပွားရေးလုပ်ငန်းများ (O-cean Based Economy) ဘေးကင်းလုံခြုံရေးနှင့် ကျူးကျော်လာမည့်ရေကြောင်းဆိုင်ရာ ခြိမ်းခြောက်မှုမှန်သမျှကို တွန်း




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးနေမှု**

လုပ်ကာကွယ်ရေးသည် တပ်မတော်(ရေ)၏ အဓိကတာဝန် ပင် ဖြစ်ကြောင်း။

- ရေငုပ်သင်္ဘောစစ်ရေယာဉ်(မင်းရဲကျော်ထင်)ကို လေ့ကျင့်ရေးဆောင်ရွက်ရန် အဓိကထားသော်လည်း လိုအပ်ပါက စစ်ဆင်ရေးတာဝန်များကိုလည်း ထမ်းဆောင်နိုင်ရန်အလို့ငှာ ၎င်းကို လေ့ကျင့်ရေးတာဝန်များအပြင် နိုင်ငံ၏ပိုင်နက်ရေပြင်ကာကွယ်ရေးလုပ်ငန်းများတွင်လည်း အကျိုးရှိစွာ အသုံးချသွားရန်လိုကြောင်း။
- မြစ်တွင်းအမြန်သွား ကင်းလှည့်ရေယာဉ်များကိုလည်း မြစ်တွင်းသယ်ပို့တာဝန်ထမ်းဆောင်နိုင်ရန်၊ ဘက်စုံသုံးရေယာဉ်အဖြစ် အသုံးပြုနိုင်ရန်နှင့် မြစ်တွင်းစစ်ဆင်ရေးများတွင် လျင်မြန်စွာလှုပ်ရှားနိုင်ပြီး ပစ်အားနှင့်စစ်ကစားနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း။
- ထိုကဲ့သို့ စစ်ရေယာဉ်များကို တည်ဆောက်နိုင်ရေး၊ တာဝန်ထမ်းဆောင်နိုင်ရေးတို့အတွက် တည်ဆောက်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် တပ်မတော် (ရေ)မှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအားလုံးကို ချီးကျူးမှတ်တမ်းတင်ဂုဏ်ပြုကြောင်း ဖြင့် ပြောကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ရေဝတီရေတပ်စခန်းဌာနချုပ်ရှိ (၇၄)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ်စာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကာ အထိမ်းအမှတ်ပြခန်းများနှင့် ရေတပ်စခန်းဌာနချုပ်အလိုက် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုကြပြီးနောက် တပ်မတော် (ရေ) စစ်တီးဝိုင်းတပ်ဖွဲ့၏ တီးမှုတ်ဖျော်ဖြေမှုများ၊ ပဒေသာကပွဲများ၊ တိုင်းရင်းသားရိုးရာ တေးသီချင်းအကအလှတို့ဖြင့် ဖျော်ဖြေမှုများအား ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများပေးအပ်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၂၅-၁၂-၂၀၂၁)**

- **တပ်မတော်(ရေ)၏ (၇၄)နှစ်မြောက်အခမ်းအနားတွင် တပ်မတော်(ရေ)အတွက် ဒုတိယမြောက် ရေငုပ်သင်္ဘော အပါအဝင် စစ်ရေယာဉ်များတပ်တော်ဝင်နိုင်ခဲ့သဖြင့် တပ်မတော်အတွက် ထူးခြားလေးနက်သည့် စွမ်းအားတစ်ရပ်ကို ထပ်မံဖြည့်တင်းပေးသည့် နေ့တစ်နေ့ပင်ဖြစ်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်တော်ဝင်အခမ်းအနားအထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်များကို ဂါရဝပြုပေးအပ်နေမှု

- တပ်မတော်(ရေ)ကို သုံးဘက်မြင် စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့်ရေတပ်အဖြစ် မျှော်မှန်းပြီး တည်ဆောက်ပေးရာတွင် ရေယုပ်သင်္ဘောတပ်ဖွဲ့တည်ဆောက်ပေးနိုင်ရန်၊ စစ်ရေယာဉ်များ တည်ဆောက်ဖြည့်တင်းနိုင်ရန်၊ လူသားအရင်းအမြစ်များ ပိုမိုတိုးတက်ကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် လိုက်လျောညီထွေဆောင်ရွက်ခဲ့ခြင်းဖြစ်။
- ရေတပ်သင်္ဘောကျင်းများမှ ၂၀၁၁ ခုနှစ်မှစ၍ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်အထိ စုစုပေါင်းစစ်ရေယာဉ် ၉၄ စီး တပ်တော်ဝင်နိုင်ခဲ့။
- စစ်ရေယာဉ်များအနေဖြင့် တစ်စီးချင်းတိုက်ပွဲဝင်ရာတွင် Capability ပိုကောင်းသည့် တိုက်ပွဲဝင်စစ်ရေယာဉ်များ ဖြစ်စေရေးနှင့် စွမ်းရည်ထက်မြက်သည့် တိုက်ပွဲဝင်စစ်ရေယာဉ်များဖြစ်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်။
- တပ်မတော်(ရေ)အတွက် Deck officer များ Deck Crew များ၊ သင်္ဘောအင်ဂျင်ခန်းတွင် တာဝန်ထမ်းဆောင်မည့်သူများကို လေ့ကျင့်မွေးမြူပေးလျက်ရှိသကဲ့သို့ တစ်ဖက်မှလည်း သင်္ဘောတည်ဆောက်ရေးနှင့်ပတ်သက် ပြီး Navy Architect နှင့် Ship Construction ပညာရပ်များ သင်ယူနိုင်ရန် လူသားအရင်းအမြစ်များကို ပြည်ပနိုင်ငံများသို့ ပညာတော်သင်များစေလွှတ်ခြင်းနှင့် လက်တွေ့လေ့ကျင့်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိ။
- မြန်မာ့ပင်လယ်ပြင်ရှိ ကြွယ်ဝသည့် ရေပေါ်ရေအောက်သယံဇာတအရင်းအမြစ်များ စောင့်ရှောက်ကာကွယ်ရေး၊ နိုင်ငံ၏ ပင်လယ်ပြင်အခြေပြု စီးပွားရေးလုပ်ငန်းများ (Ocean Based Economy) ဘေးကင်းလုံခြုံရေးနှင့် ကျူးကျော်လာမည့် ရေကြောင်းဆိုင်ရာ ခြိမ်းခြောက်မှုမှန်သမျှကို တွန်းလှန်ကာကွယ်ရေးသည် တပ်မတော်(ရေ)၏ အဓိကတာဝန်ဖြစ်။
- ရေယုပ်သင်္ဘောစစ်ရေယာဉ်(မင်းရဲကျော်ထင်)ကို လေ့ကျင့်ရေးတာဝန်များအပြင် နိုင်ငံ၏ပိုင်နက် ရေပြင်ကာကွယ်ရေး လုပ်ငန်းများတွင်လည်း အကျိုးရှိစွာ အသုံးချသွားရန်။
- စစ်ရေယာဉ်များကို တည်ဆောက်နိုင်ရေး၊ တာဝန်ထမ်းဆောင်နိုင်ရေးတို့အတွက် တည်ဆောက်ရေး တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ အားလုံးကို ချီးကျူးမှတ်တမ်းတင်ဂုဏ်ပြုခဲ့။

## မြန်မာ့တပ်မတော်ရှိစစ်ရေယာဉ်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချီတက်အလေးပြုနေသည့် မှတ်တမ်းဓာတ်ပုံများ







## မြန်မာ့တပ်မတော်(ရေ)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အမျိုးသမီး အရာရှိ/စစ်သည်များ







# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

တက္ကသိုလ်အစည်းအဝေးခန်းမတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်တို့က တက္ကသိုလ်၏ ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများနှင့် နိုင်ငံတော်စီမံကိန်းများတွင် တက္ကသိုလ်မှ ပါဝင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က–

- မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သည် ပြည်တွင်းပြည်ပ ရေကြောင်းသွားလာရေးလုပ်ငန်းများအတွက် အရေးပါသည့် ရေကြောင်းပညာရှင်များ မွေးထုတ်ပေးသည့် အဓိကတက္ကသိုလ်တစ်ခုဖြစ်ကြောင်း။
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆိပ်ကမ်းများစီမံခန့်ခွဲမှုသည် အရေးကြီးပြီး ဆိပ်ကမ်းများအား နိုင်ငံတကာအဆင့်မီတည်ဆောက်နိုင်ရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း။
- ရေကြောင်းပို့ဆောင်ရေးသည် ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်ပစ္စည်းအမြောက်အမြားကို သယ်ယူပို့ဆောင်ပေးနိုင်သည့်အတွက် နိုင်ငံတွင်းရှိ ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်းမြစ်များကို ကောင်းမွန်စွာ အသုံးချရမည်ဖြစ်ကြောင်း။
- ရေကြောင်းကူးသန်းမှုတွင် port management သည် အရေးကြီးပြီး နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် ခေတ်မီနည်းပညာများဖြင့် စီမံခန့်ခွဲသည့်ပညာရပ်များကို လေ့လာသင်ကြားဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။
- ထူးချွန်သည့် သင်္ဘောတည်ဆောက်ရေးပညာရှင်များ ထွက်ပေါ်လာရေးအတွက် လက်တွေ့လေ့ကျင့်ခန်းများဖြင့် ထိထိရောက်ရောက် အဆင့်မီစွာဆောင်ရွက်ရန် လိုကြောင်း။
- မြန်မာနိုင်ငံရှိ ရှိပြီးသား သင်္ဘောကျင်းများ၌ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများတွင် ယခုတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် သင်္ဘောတည်ဆောက်ရေးပညာရှင်များက ဦးဆောင်၍ ဆောင်ရွက်ကြရန်လိုကြောင်း။
- တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သူများအနေဖြင့် ပိုမိုအရည်အချင်းပြည့်ဝပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရှင်များဖြစ်အောင် ကြိုးစားသွားရန်လိုကြောင်း။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား မှာကြားနေမှု**

- တက္ကသိုလ်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် တက္ကသိုလ်တစ်ခုဖြစ်စေရေး ဆရာ၊ဆရာမများ၊ အဆောက်အဦများနှင့် သင်ထောက်ကူပစ္စည်းများ ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။
- ကျောင်းသားများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီး၍ လူမှုဘဝများဖွံ့ဖြိုးတိုးတက်အောင် အခြေခံမှအစ ဆောင်ရွက်ပေးရန်လိုပြီး သင်တန်းပြီးဆုံးချိန်တွင် မိမိကိုယ်တိုင် ရပ်တည်နိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ဖြစ်ကြောင်း။
- သင်ကြားမှု အထောက်အကူပြု စာအုပ်၊ စာတမ်းများကို အမြဲမပြတ်ဖတ်ရှုနိုင်ရန်နှင့် ခေတ်နှင့်လျော်ညီသည့် ပညာရပ်များကို လေ့လာနိုင်ရေးအတွက်လည်း ဒစ်ဂျစ်တယ်နည်းပညာများအသုံးပြု၍ စာအုပ်၊ စာတမ်းများ ဖတ်ရှုလေ့လာနိုင်ရေးဆောင်ရွက်ပေးရန် လိုကြောင်း။
- တက္ကသိုလ်သင်ကြားရေးများတွင် သာမန်ပညာသင်ကြားရေးသာ မဟုတ်ဘဲ ကျောင်းသား၊ ကျောင်းသူများအတွက် အခြားလိုအပ်သည့် နေထိုင်ရေး၊ လုံခြုံရေး၊ စားသောက်ရေးများကိုလည်း ဖြည့်ဆည်းပေးခြင်းဖြင့် နိုင်ငံတကာတွင် မိမိတို့တက္ကသိုလ်များသည် အတုယူဖွယ်ရာ တက္ကသိုလ်များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း မှာကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်အတွင်းရှိ သင်ကြားရေး၊ စီမံရေး၊ အရည်အသွေးစိစစ်ခန့်ခွဲရေးရုံး၊ စာကြည့်တိုက်တို့အားကြည့်ရှုခဲ့ပြီး Full Mission Engine Room Simulator ဌာနတို့တွင် အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများအား ကျွမ်းကျင်စွာ မောင်းနှင်နိုင်ရေး၊ အရေးပေါ်အခြေအနေအား ဖြေရှင်းဆောင်ရွက်နိုင်ရေး လေ့ကျင့်ဆောင်ရွက်ပေးမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ဘွဲ့ကြိုသင်တန်းများ၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းများ၊ မဟာအင်ဂျင်နီယာဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ၂၀၀၇ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ဘာသာရပ်များအလိုက် ဘွဲ့ရရှိသူစုစုပေါင်း ၄၁၃၇ ဦး၊ ဘာသာရပ်အလိုက် ဘွဲ့လွန်ဒီပလိုမာဘွဲ့ရရှိသူ ၁၀၅၂ ဦးနှင့် မဟာအင်ဂျင်နီယာဘွဲ့ရရှိသူ ၁၇ ဦးတို့အား မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၅-၁၂-၂၀၂၁)**

- **မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သည် ပြည်တွင်းပြည်ပ ရေကြောင်းသွားလာရေးလုပ်ငန်းများအတွက် အရေးပါသည့် ရေကြောင်းပညာရှင်များ မွေးထုတ်ပေးသည့် အဓိကတက္ကသိုလ်တစ်ခုဖြစ်ကြောင်း။**
- **ရေကြောင်းကူးသန်းမှုတွင် port management သည် အရေးကြီးပြီး နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် ခေတ်မီနည်းပညာများဖြင့် စီမံခန့်ခွဲသည့်ပညာရပ်များကို လေ့လာသင်ကြားဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးနေမှုများ





- ထူးချွန်သည့် သင်္ဘောတည်ဆောက်ရေးပညာရှင်များ ထွက်ပေါ်လာရေးအတွက် လက်တွေ့လေ့ကျင့်ခန်းများဖြင့် ထိထိရောက်ရောက် အဆင့်မီစွာဆောင်ရွက်ရန် လိုကြောင်း။
- မြန်မာနိုင်ငံရှိ ရှိပြီးသား သင်္ဘောကျင်းများ၌ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများတွင် ယခုတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် သင်္ဘောတည်ဆောက်ရေးပညာရှင်များက ဦးဆောင်၍ဆောင်ရွက်ကြရန်လိုကြောင်း။
- တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သူများအနေဖြင့် ပိုမိုအရည်အချင်းပြည့်ဝပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရှင်များဖြစ်အောင်ကြိုးစားသွားရန် လိုကြောင်း။
- မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ၂၀၀၇ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ဘာသာရပ်များအလိုက် ဘွဲ့ရရှိသူ စုစုပေါင်း ၄၁၃၇ ဦး၊ ဘာသာရပ်အလိုက် ဘွဲ့လွန်ဒီပလိုမာဘွဲ့ရရှိသူ ၁၀၅၂ ဦးနှင့် မဟာအင်ဂျင်နီယာဘွဲ့ ရရှိသူ ၁၇ ဦးတို့အား မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သန်လျင်ဖန်ချက်စက်ရုံ အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်






ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်ရှိ သန်လျင်ဖန်ချက်စက်ရုံ အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားအား ဒီဇင်ဘာလ ၂၄ ရက်တွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ သန်လျင်ဖန်ချက်စက်ရုံဆိုင်းဘုတ်အား စက်ခလုပ် နှိပ်ဖွင့်လှစ်ပေးခြင်း၊ ဖန်ချက်မီးဖို(FURNACE)အား စက်ခလုပ်နှိပ်မီးညှိဖွင့်လှစ်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ဖန်ပုလင်းများ သုံးစွဲမှုဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို လျှော့ချနိုင်ကြောင်း၊ ယခုကဲ့သို့ ဖန်ထည်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ကြောင်း၊ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြို့တော်ဝန်နှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သန်လျင်ဖန်ချက်စက်ရုံအား ၁၉၆၇ ခုနှစ် တွင်စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆင့်ဆင့်တိုးချဲ့ထုတ်လုပ်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ဖန်ပုလင်းအသုံးပြုမှုအတွက် ပြည်ပမှဖန်ပုလင်းများ တင်သွင်းနေရမှုကို လျှော့ချနိုင်ရန်အတွက် ၂၀၁၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် စက်ရုံအဆင့်မြှင့်တင်မှုအား ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအဆင့်မြှင့်တင်တည်ဆောက်ထားသည့် သန်လျင်ဖန်ချက်စက်ရုံမှ တစ်ရက်လျှင် ဖန်တန်ချိန် ၃၀၀ ကိုထုတ်လုပ်နိုင်ပြီး ပျမ်းမျှပုလင်း အလုံးရေ လေးသိန်းကျော်အား ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် နိုင်ငံအတွက် လိုအပ်သည့်ဖန်ပုလင်းများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၅-၁၂-၂၀၂၁)**

- **နိုင်ငံတော်ဝန်ကြီးချုပ်က ဖန်ထည်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ကြောင်းနှင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားခဲ့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သန့်လျင်ဖန်ချက်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုနေသည့် မှတ်တမ်းဓာတ်ပုံများ






- မြန်မာနိုင်ငံ၏ဖန်ပုလင်းအသုံးပြုမှုအတွက် ပြည်ပမှဖန်ပုလင်းများ တင်သွင်းနေရမှုကို လျှော့ချနိုင်ရန်အတွက် ၂၀၁၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် စက်ရုံအဆင့်မြှင့်တင်မှုအား ပြုလုပ်ခဲ့ခြင်းဖြစ်။
- ယခုအဆင့်မြှင့်တင် တည်ဆောက်ထားသည့် သန့်လျင်ဖန်ချက်စက်ရုံမှ တစ်ရက်လျှင် ဖန်တန်ချိန် ၃၀၀ ကို ထုတ်လုပ်နိုင်ပြီး ပျမ်းမျှပုလင်းအလုံးရေ လေးသိန်းကျော်အား ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် နိုင်ငံအတွက် လိုအပ်သည့် ဖန်ပုလင်းများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်။

# သန်လျင်ဖန်ချက်စက်ရုံအတွင်း ဖန်ပုလင်းများ ထုတ်လုပ်နေသည့် မှတ်တမ်းဓာတ်ပုံများ








# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာဆွေးနွေးပွဲကို ဒီဇင်ဘာလ ၂၄ ရက်တွင် ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မင်္ဂလာခန်းမ၌ ကျင်းပခဲ့ပြီး အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တိုင်းဒေသကြီးဥပဒေချုပ်၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက–

- ယနေ့တွင် အစုအဖွဲ့အလိုက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်များအတွက် PR စနစ်အရ ဆောင်ရွက်သင့်သည့် ရွေးကောက်ပွဲဒီဇိုင်းကို နှစ်ရက်တာအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်မူဘောင်အတွင်းမှ ဆွေးနွေးညှိနှိုင်း၍ သုံးရက်မြောက်နေ့တွင် အစုအဖွဲ့အလိုက်ဆွေးနွေးရရှိလာသည့် PR စနစ် ရွေးကောက်ပွဲဒီဇိုင်းစာတမ်းတစ်စောင်စီကို ဖတ်ကြားဆွေးနွေးသွားမည်ဖြစ်ကြောင်း၊
- လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများဖြစ်ရန် ဆောင်ရွက်ကြရာတွင် သာတူညီမျှ ယှဉ်ပြိုင်နိုင်သောအခြေအနေကို ဖန်တီးပေးရန် လိုအပ်သကဲ့သို့ ဥပဒေနှင့်ညီညွတ်မှုရှိရန်ကိုလည်း အလေးထားရမည်ဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲစနစ်နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များမှန်ကန်မှသာ ပြည်သူအများကို ကိုယ်စားပြုသော ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်နိုင်မည်ဖြစ်ကြောင်း၊
- ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်နိုင်ရန်အတွက် ရွေးကောက်ပွဲစနစ်များ ဖော်ဆောင်ခြင်း၊ ရွေးကောက်ပွဲနယ်မြေများ သတ်မှတ်ခြင်း၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်းတို့ ဆောင်ရွက်ရာတွင် PR စနစ်ကို ကျင့်သုံးခြင်းဖြင့် ပါတီအများအပြားသည် ရွေးကောက်ပွဲတွင်ရရှိသည့် ဆန္ဒမဲများအရ အချိုးကျကိုယ်စားလှယ်များရရှိကာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊
- လွှတ်တော်အတွင်း တစ်ပါတီကြီးစိုးလွှမ်းမိုးမှုကိုလျှော့ချပြီး ပါတီစုံပါဝင်နိုင်ခြင်းဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိုင်ငံတော်အခြေခံမူဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်မည်ဖြစ်ကြောင်း၊
- ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း အချိုးကျကိုယ်စားပြုစနစ်ဖြင့် လွှတ်တော်ရွေးကောက်ပွဲများကျင်းပသည့် နိုင်ငံပေါင်း (၁၁၁) နိုင်ငံရှိလာပြီဖြစ်ပြီး ယနေ့ဆွေးနွေးပွဲတွင် ရွေးကောက်ပွဲစနစ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ သဘောတူညီခဲ့ပြီးဖြစ်သည့်

PR စနစ်ဖြင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များတွင် လိုက်လျောညီထွေ ကျင့်သုံးဆောင်ရွက်နိုင်မည့် ရွေးကောက်ပွဲဒီဇိုင်းကို အကြေအလည်ညှိနှိုင်းပြီး ဆွေးနွေးကြရန်ဖြစ်ကြောင်း။

- နိုင်ငံရေးပါတီ ၆၂ ပါတီ၊ ဆွေးနွေးမည့်သူ ၁၁၅ ဦးကို အစုအဖွဲ့ ၆ ဖွဲ့အနေဖြင့် ပြည်သူ့လွှတ်တော် ၂ ဖွဲ့၊ အမျိုးသားလွှတ်တော် ၂ ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ၂ ဖွဲ့စီဖြင့် ပါတီအကြီးအငယ်အလိုက် မျှတရန် စုဖွဲ့ထားကြောင်း၊ အစုအဖွဲ့အလိုက်ဆွေးနွေးကြရာတွင် အဆင်ပြေစေရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် အထောက်အကူပြုရုံးဝန်ထမ်းများက ဝိုင်းဝန်းကူညီပေးသွားကြမည်ဖြစ်ကြောင်း။
- ပါတီတစ်ခုတည်းကသာ ရွေးကောက်ပွဲအနိုင်ရလိုပြီး နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ဆောင်ရွက်ခဲ့မှုများကြောင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ ပယ်ဖျက်ခဲ့ရသည်အထိ ဖြစ်ပွားခဲ့ရသည်ကို သင်ခန်းစာယူရမည်ဖြစ်ကြောင်းနှင့် ပါတီနိုင်ငံရေးဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အလေးထားလိုက်နာဆောင်ရွက်ကြရန်၊ တည်ဆဲဥပဒေများကို လိုက်နာနိုင်ရန်နှင့် မိမိတိုင်းပြည်၊ လူမျိုး၊ ယဉ်ကျေးမှု၊ ဓလေ့၊ ထုံးစံများနှင့်ဆီလျော်သည့် ရွေးကောက်ပွဲစနစ်မျိုး ဖော်ဆောင်နိုင်ရေး အလေးထားဆွေးနွေးပေးကြပါရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့။

နိုင်ငံရေးပါတီ အစုအဖွဲ့(၆)ဖွဲ့တို့က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တို့အတွက် PR စနစ်အရ ဆောင်ရွက်သင့်သည့် ရွေးကောက်ပွဲဒီဇိုင်းများကို ဆက်လက်ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ဒီဇင်ဘာလ ၂၅ ရက်နှင့် ၂၆ ရက်အထိ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၅-၁၂-၂၀၂၁)**

- **ရွေးကောက်ပွဲစနစ်နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များမှန်ကန်မှသာ ပြည်သူအများကို ကိုယ်စားပြုသော ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်နိုင်မည်ဖြစ်။**
- **PR စနစ်ကို ကျင့်သုံးခြင်းဖြင့် ပါတီအများအပြားသည် ရွေးကောက်ပွဲတွင် ရရှိသည့်ဆန္ဒမဲများအရ အချိုးကျကိုယ်စားလှယ်များရရှိကာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လာနိုင်မည်ဖြစ်။**
- **လွှတ်တော်အတွင်း တစ်ပါတီကြီးစိုးလွှမ်းမိုးမှုကိုလျော့ချပြီး ပါတီစုံပါဝင်နိုင်ခြင်းဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိုင်ငံတော်အခြေခံမူဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်မည်ဖြစ်။**
- **နိုင်ငံရေးပါတီ ၆၂ ပါတီ၊ ဆွေးနွေးမည့်သူ ၁၁၅ ဦးကို အစုအဖွဲ့ ၆ ဖွဲ့အနေဖြင့် ပြည်သူ့လွှတ်တော် ၂ ဖွဲ့၊ အမျိုးသားလွှတ်တော် ၂ ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ၂ ဖွဲ့စီဖြင့် ပါတီအကြီးအငယ်အလိုက် မျှတရန် စုဖွဲ့ထားရှိ။**
- **ပါတီတစ်ခုတည်းကသာ ရွေးကောက်ပွဲအနိုင်ရလိုပြီး နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ဆောင်ရွက်ခဲ့မှုများကြောင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ ပယ်ဖျက်ခဲ့ရသည်အထိ ဖြစ်ပွားခဲ့ရသည်ကို သင်ခန်းစာယူရမည်ဖြစ်။**

## KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို ရဲဝံ့စွာတုံ့ပြန်တိုက်ခိုက်ခဲ့သည့် မိုးကောင်းမြို့နယ်၊ ဆားမှော်မြို့ရှိ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ဆားမှော်မြို့ရှိ နယ်မြေခံတပ်ရင်းအား ဒီဇင်ဘာလ ၂၄ ရက် နံနက်ပိုင်းတွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။

ဖြစ်စဉ်မှာ ဆားမှော်မြို့ရှိ နယ်မြေခံတပ်ရင်းအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားအင်အား ၁၀၀ ဦး ခန့်က ဒီဇင်ဘာလ ၂၄ ရက် နံနက် ၃ နာရီခန့်တွင် တပ်ရင်း၏ အနောက်မြောက်ဘက်မှလည်းကောင်း၊ နံနက် ၄ နာရီခန့်တွင် တပ်ရင်း၏ အရှေ့ဘက်မှလည်းကောင်း၊ နံနက် ၄ နာရီ ၅၅ မိနစ်ခန့်တွင် တပ်ရင်း၏ အမှတ်(၂) ဂိတ်မှလည်းကောင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်ရင်းရှိ အရာရှိ၊ စစ်သည်များက ပြန်လည်ခုခံတိုက်ခိုက်ခဲ့



ခြင်းကြောင့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမား များ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး စစ်သည်အချို့ ထိခိုက်ဒဏ် ရာရရှိခဲ့ပါသည်။

အဆိုပါ ဖြစ်စဉ်တွင် အကြမ်းဖက်သမားများကို ရဲဝံ့စွာ တုံ့ပြန်တိုက်ခိုက်ခဲ့သော အရာရှိ၊ စစ်သည်၊ မိသားစုများအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦး နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။


**(မြဝတီသတင်းစာ ၂၅-၁၂-၂၀၂၁)**

- **ဆားမော်မြို့ရှိ နယ်မြေခံတပ်ရင်းအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ၃ ကြိမ်တိုင်လာရောက် ပစ်ခတ်ခဲ့သည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား တပ်ရင်းရှိ အရာရှိ၊ စစ်သည်များက ပြန်လည်ခုခံတိုက်ခိုက်ခဲ့သဖြင့် အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့။**
- **ဖြစ်စဉ်တွင် အကြမ်းဖက်သမားများကို ရဲဝံ့စွာတုံ့ပြန်တိုက်ခိုက်ခဲ့သော အရာရှိ၊ စစ်သည်၊ မိသားစုများအား တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့။**

## KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ခရီးသည်တင်လေယာဉ်အား လွိုင်ကော်လေဆိပ်သို့ ဆင်းသက်ရောက်ရှိစဉ် ရှော့ခ်တိုက်ဒုံးဖြင့် အချိန်ကိုက်ပစ်ခတ်

ရန်ကုန်မြို့မှ လွိုင်ကော်မြို့သို့ ထွက်ခွာလာသည့် မြန်မာ့အမျိုးသားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ် ၁ စီးသည် ဒီဇင်ဘာလ ၂၄ ရက်တွင် လွိုင်ကော်လေဆိပ်သို့ ဆင်းသက်ရောက်ရှိစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများပါဝင်သော ပူးပေါင်းအဖွဲ့က လူနေရပ်ကွက်အတွင်း ပြည်သူလူထုအကာအကွယ်ရယူကာ ၁၀၇ မမ ရှော့ခ်တိုက်ဒုံးများဖြင့် နှောင့်ယှက်ပစ်ခတ်ခဲ့ပါသည်။

ဖြစ်စဉ်တွင် ခရီးသည် ၆၄ ဦး တင်ဆောင်လာသော မြန်မာ့အမျိုးသားလေကြောင်းလိုင်းမှ လေယာဉ် ၁ စီးသည် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး နံနက် ၈ နာရီ ၃၅ မိနစ်ခန့်တွင် လွိုင်ကော်လေဆိပ်သို့ ဆင်းသက်ရောက်ရှိစဉ် လွိုင်ကော်မြို့၊ ဘာဒိုကျေးရွာ၏အနီးနှင့် သင်္ချိုင်းကုန်းနေရာတို့မှ KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများပါဝင်သော ပူးပေါင်းအဖွဲ့က ၁၀၇ မမ ရှော့တိုက်ဒုံး ၄ လုံးဖြင့် နှောင့်ယှက်ပစ်ခတ်ခဲ့ရာ လေ




**အကြမ်းဖက်အဖွဲ့များက ရှော့ခ်တိုက်ဒုံးဖြင့် လာရောက်ပစ်ခတ်သည့် နေရာပြမြေပုံ**

ယာဉ်ကွင်း၏ အရှေ့နှင့် အရှေ့တောင်ဘက် မီတာ ၂၀၀၀ ခန့် အကွာနေရာများသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး လူ၊ အဆောက်အဦနှင့် လေယာဉ်တို့အား ထိခိုက်မှုမရှိကြောင်း သိရှိရပါသည်။

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပါဝင်သော ပူးပေါင်းအဖွဲ့များအနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်ဘဲ အေးချမ်းစွာ ခရီးသွားလာလျက်ရှိသော အများပြည်သူများအား အစုလိုက်အပြုံလိုက်သေကြေစေခြင်းအလို့ငှာ ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါအကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေချေမှုန်းလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၅-၁၂-၂၀၂၁)**

- **မြန်မာ့အမျိုးသားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ် ၁ စီးသည် ဒီဇင်ဘာလ ၂၄ ရက်တွင် လွိုင်ကော်လေဆိပ်သို့ ဆင်းသက်ရောက်ရှိစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများပါဝင်သော ပူးပေါင်းအဖွဲ့က ၁၀၇ မမ ရှော့ခ်တိုက်ဒုံး ၄ လုံးဖြင့် နှောင့်ယှက်ပစ်ခတ်ခဲ့ရာ လေယာဉ်ကွင်း၏ အရှေ့နှင့် အရှေ့တောင်ဘက် မီတာ ၂၀၀၀ ခန့်အကွာ နေရာများသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး လူ၊ အဆောက်အဦနှင့် လေယာဉ်တို့အား ထိခိုက်မှုမရှိ။**
- **KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများပါဝင်သော ပူးပေါင်းအဖွဲ့များအနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်ဘဲ အေးချမ်းစွာ ခရီးသွားလာလျက်ရှိသော အများပြည်သူများအား အစုလိုက်အပြုံလိုက်သေကြေစေခြင်းအလို့ငှာ ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်။**

## ဖရူဆိုမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များအား KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မော်တော်ယာဉ်များပေါ်မှ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပစ်ခတ်ဖမ်းဆီး



**သိမ်းဆည်းရမိသည့် M-၁၆ သေနတ်နှင့် တူမီးများ**

ဒီဇင်ဘာလ ၂၄ ရက်နေ့လည်ပိုင်းတွင် ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များသည် လိုအပ်သောစစ်ဆေးမှုများ ဆောင်ရွက်ရန် မော်တော်ယာဉ်များအား ရပ်တန့်စစ်ဆေးစဉ် ရပ်တန့်ခြင်းမရှိဘဲ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်မောင်းနှင်ထွက်ပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမားအချို့အား လက်နက်/ခဲယမ်းများနှင့်အတူ အသေဖမ်းဆီးရမိခဲ့ပါသည်။

- ဖရူဆိုမြို့နယ်၊ မူဆိုကျေးရွာအနီး လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များသည် အများပြည်သူလုံခြုံရေးအတွက် လိုအပ်သော စစ်ဆေးမှုများ ဆောင်ရွက်စဉ် ကွိုင်ငံရွာဟောင်းဘက်မှ မူဆိုကျေးရွာဘက်သို့ မသင်္ကာဖွယ်မောင်းနှင်လာသည့် မော်တော်ယာဉ်မျိုးစုံ ၇ စီးအား စစ်ဆေးရန် ရပ်တန့်စေခဲ့ရာ အဆိုပါမော်တော်ယာဉ်များမှာ ရပ်တန့်ခြင်းမရှိသည့်အပြင် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များ၊ လက်ပစ်ဗုံးများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့။
- ဖြစ်စဉ်တွင် KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် အကြမ်းဖက်သင်တန်းတက်ရောက်ရန် စုဆောင်းလာသည့် လူသစ်အချို့တို့အား အမ်-၁၆ သေနတ် ၁ လက်၊ ပွိုင့်-၂၂ သေနတ် ၁ လက်၊ တူမီးသေနတ် ၃ လက်၊ လက်ပစ်ဗုံး ၇ လုံး၊ အမ်-၁၆ ကျည် ၂၅ တောင့်၊ ကျည်အိမ် ၂ ခု၊ ပြောက်ကျားယူနီဖောင်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသေဖမ်းဆီးရမိခဲ့ပြီး ခါတ်ဆီ၊ ဒီဇယ်နှင့် အကြမ်းဖက်အဖွဲ့များ စားသုံးရန် ကျေးရွာများမှ အဓမ္မကောက်ခံခဲ့သည့် စားသောက်ကုန်ပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ် ၇ စီးမှာလည်း မီးလောင်ပျက်စီးခဲ့။

အဆိုပါအကြမ်းဖက်အဖွဲ့သည် ဒီဇင်ဘာလ ၂၄ ရက်နံနက်ပိုင်းတွင် လွိုင်ကော်လေဆိပ်သို့ ဆင်းသက်လာသည့် အရပ်ဘက်ခရီးသည်တင်လေယာဉ်အား ရှေ့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်၍ အရပ်ဝတ်ဖြင့် လျှို့ဝှက်ထွက်ပြေးလာသည့် အဖွဲ့ဖြစ်နိုင်ကြောင်း ဒေသခံများမှတစ်ဆင့် ဖော်ထုတ်သိရှိရပါသည်။

KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် အရပ်ဝတ်များဝတ်ဆင်ပြီး မြို့/ရွာ လုံခြုံရေးနှင့် လမ်းတံတားလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်လေ့ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မော်တော်ယာဉ်သွားလာ လှုပ်ရှားမှုများအား စစ်ဆေးလျက်ရှိပါသည်။ ယခုဖြစ်စဉ်တွင် အရပ်ဘက်ယာဉ်များပေါ်တွင် လက်နက်ခဲယမ်းများ သိုဝှက်သယ်လာသော အရပ်ဝတ်အကြမ်းဖက်သမားများက စတင်တိုက်ခိုက်ထွက်ပြေးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ပြန်လည်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ပြည်ဖျက်မီဒီယာအချို့မှ အပြစ်မဲ့ပြည်သူများကို လုံခြုံရေး



**သိမ်းဆည်းရမိခဲ့သည့် လက်လုပ်ဗုံးများ မှတ်တမ်းဓာတ်ပုံ**





**သိမ်းဆည်းရမိခဲ့သည့် ပွိုင့် ၂၂ လက်လုပ်သေနတ် ၁ လက်နှင့် အကြမ်းဖက်သမား အလောင်း ၂ လောင်း မှတ်တမ်းဓာတ်ပုံ**

တပ်ဖွဲ့ဝင်များက သတ်ဖြတ်မှုပြုလုပ်ခဲ့ကြောင်း သတင်းမှားများ ထုတ်လွှင့်လျက်ရှိပါသည်။


သေဆုံးခဲ့သူများကို သေမှုသေခင်းဖွင့်လှစ်ကာ လိုအပ်သည့် စုံစမ်းမှုများ လုပ်ဆောင်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၂၅-၁၂-၂၀၂၁)**

- **ဖရူဆိုမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များသည် စစ်ဆေးမှုများဆောင်ရွက်ရန် မော်တော်ယာဉ်များအား ရပ်တန့်စစ်ဆေးစဉ် ရပ်တန့်ခြင်းမရှိဘဲ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်မောင်းနှင်ထွက်ပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမား ၂ ဦးအား လက်နက်/ခဲယမ်းများနှင့်အတူ အသေဖမ်းဆီးရမိခဲ့။**
- **အဆိုပါအကြမ်းဖက်အဖွဲ့သည် လွိုင်ကော်လေဆိပ်သို့ ဆင်းသက်လာသည့် အရပ်ဘက်ခရီးသည်တင်လေယာဉ်အား ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်၍ အရပ်ဝတ်ဖြင့် လျှို့ဝှက်ထွက်ပြေးလာသည့် အဖွဲ့ဖြစ်နိုင်ကြောင်း ဒေသခံများမှ တစ်ဆင့် ဖော်ထုတ်သိရှိရ။**

# PDF အမည်ခံ အကြမ်းဖက်သမားများက သာမန်အရပ်သားပြည်သူများ သွားလာ အသုံးပြုနေသော ရထားလမ်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



PDF အမည်ခံအကြမ်းဖက်သမားများက လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်စေရန်နှင့် အပြစ်မဲ့ပြည်သူများအား ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်အတွင်း ရထားလမ်းပိုင်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ပါသည်။

- ရန်ကုန်-မန္တလေးအမှတ်(၁)အဆန် စာပို့ရထားသည် ဒီဇင်ဘာလ ၂၄ ရက် နံနက် ၉ နာရီ ၁၅ မိနစ် အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ဘဲလင်းဘူတာအဝင် မိုင်တိုင်အမှတ် ၃၇၃ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံကြားသို့ ရောက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ရထားလမ်းအား မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် ရထားတွဲအမှတ် GBHV 40018 ကုန်တွဲတွင် ဘီး ၂ ဘီး ချော်ကျခဲ့ပြီး ရထားသံလမ်း ၂ ပေခန့် ပြတ်ထွက်ကာ ကွန်ကရစ်ဇလီဖားတုံး ၃ တုံး ပျက်စီးခဲ့ကြောင်းနှင့် ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့။

သာမန်ပြည်သူများ စားဝတ်နေရေးအတွက် သွားလာအသုံးပြုနေသော စာပို့ရထားအား မိုင်းခွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် ဒေသခံများနှင့် ခရီးသွားပြည်သူများက PDF အမည်ခံ အကြမ်းဖက်သမားများအား ရွံရှာမုန်းတီးလျက်ရှိပါသည်။ ထိုသို့ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်စေရန်နှင့် အပြစ်မဲ့ပြည်သူများအား ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ ရထားလမ်းအား မိုင်းထောင်ဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီအရေးယူနိုင်ရေး သက်ဆိုင်ရာက ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၂၅-၁၂-၂၀၂၁)**

- **PDF အမည်ခံအကြမ်းဖက်သမားများက လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်စေရန်နှင့် အပြစ်မဲ့ပြည်သူများအား ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ ရထားလမ်းပိုင်းအား မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် ကုန်တွဲဘီး ၂ ဘီး ချော်ကျခဲ့ပြီး ရထားသံလမ်း ၂ ပေခန့် ပြတ်ထွက်ကာ ကွန်ကရစ်ဇလီဖားတုံး ၃ တုံး ပျက်စီးခဲ့။**

# တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်တွင် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ရေးနှင့် မသက်ဆိုင်သော အရပ်ဘက် ပစ်မှတ်များအား ပစ်ခတ်တိုက်ခိုက်



**အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် တိမ်းမှောက်ခဲ့ရသည့် ၁၂ ဘီး ကုန်တင်ယာဉ်**

ဒီဇင်ဘာလ ၂၄ ရက် နံနက် ဖ နာရီ ၁၀ မိနစ်ခန့်တွင် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ရေးနှင့်မသက်ဆိုင်သော အပြစ်မဲ့ခရီးသွားပြည်သူများအား နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ပါသည်။

- CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်သမားများက တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့မှ ထွက်ခွာလာသော ခရီးသည်တင် Express ယာဉ် ၄ စီးနှင့် ၁၂ ဘီး ကုန်တင်ယာဉ် ၁ စီးတို့အား သရက်ချောင်းမြို့နယ်၊ ပြင်ဖြူကြီးကျေးရွာ၏ အနောက်မြောက်ဘက်၊ မြိတ်-ထားဝယ်သွားကားလမ်း မိုင်တိုင်အမှတ်(၂၇)နေရာ၌ လက်လုပ်ဆွဲမိုင်းများဖြင့် ဖောက်ခွဲ၍ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့။
- အဆိုပါပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် ၁၂ ဘီးကုန်တင်ယာဉ်မှာ တိမ်းမှောက်ခဲ့ပြီး ခရီးသည်တင် Express ယာဉ်များတွင် လက်နက်ငယ်ကျည် ထိမှန်ပျက်စီးခဲ့ကာ ခရီးသွားပြည်သူ အမျိုးသား ၁ ဦး သေဆုံးပြီး ၄ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့။
- ဒဏ်ရာရ ပြည်သူများအား ထားဝယ်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့။

ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်ဘဲ အေးချမ်းစွာ ခရီးသွားလာလျက်ရှိသည့် အများပြည်သူများ၏ အသက်အန္တရာယ်ထိခိုက်သေကျေနိုင်သည်အထိ စက်ဆုပ်ရွံရှာဖွယ်အကြောင်းမဲ့ နှောင့်ယှက်ပစ်ခတ်ခဲ့သည့် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား ချေမှုန်းနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ ဖြစ်စဉ်ဖြစ်ပွားရာ နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ စေလွှတ်၍ ဆုတ်ခွာသွားသော အကြမ်းဖက်သမားများနောက်သို့ လိုက်လံချေမှုန်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ခရီးသွားပြည်သူများ အေးချမ်းစွာ သွားလာနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၅-၁၂-၂၀၂၁)**

## အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့ရသည့် ခရီးသည်တင်ယာဉ်များ










- CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မြိတ်မြို့မှ ထွက်ခွာလာသော ခရီးသည်တင် Express ယာဉ် ၄ စီးနှင့် ၁၂ ဘီး ကုန်တင်ယာဉ် ၁ စီးတို့အား လက်လုပ်ဆွဲမိုင်းများဖြင့် ဖောက်ခွဲ၍ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့။
- အဆိုပါပစ်ခတ်တိုက်ခိုက်မှုကြောင့် ၁၂ ဘီးကုန်တင်ယာဉ်မှာ တိမ်းမှောက်ခဲ့ပြီး ခရီးသည်တင် Express ယာဉ်များတွင် လက်နက်ငယ်ကျည် ထိမှန်ပျက်စီးခဲ့ကာ ခရီးသွားပြည်သူ အမျိုးသား ၁ ဦး သေဆုံးပြီး ၄ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ အကြမ်းဖက်သမားများက ခရိုင်ပညာရေးမှူးရုံးနှင့် စာသင်ကျောင်းတို့အား မီးရှို့ဖျက်ဆီး



**အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့ရသည့် စာသင်ကျောင်း**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုအား မလိုလားသော အကြမ်းဖက်သမားများက ခရိုင်ပညာရေးမှူးရုံးနှင့် စာသင်ကျောင်းတို့အား မီးရှို့ဖျက်ဆီးခြင်းများလုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာလ ၂၃ ရက်တွင်-

- စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ တောင်ပိုင်းရပ်ကွက်၊ ပန်းပဲရပ်ရှိ အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်းအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် အဆိုပါကျောင်းဝင်းအတွင်း KG တန်း စာသင်ဆောင်ရှိ သွပ်မိုး/ထရံကာ/အုတ်ခင်းအခန်း၏ ထရံများ၊ စာသင်ခုံနှင့် ထိုင်ခုံ စုစုပေါင်း ၁၂ ခုံတို့ မီးလောင်ပျက်စီးခဲ့။
- ကလေးမြို့နယ်၊ စမ်းမြို့ရပ်ကွက်၊ မြို့ပတ်လမ်းရှိ ကလေးခရိုင်ပညာရေးမှူးရုံးအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ရာ မီးလောင်မှုကြောင့် အလျား ၈၀ ပေ၊ အနံ ၂၀ ပေ၊ အမြင့် ၂၈ ပေရှိ ကွန်ကရစ်ခင်း၊ အုတ်ကာ/ သွပ်မိုး/နံကပ်တိုက်အဆောက်အဦ ၁ လုံး မီးလောင်ပျက်စီးခဲ့။

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မီးသတ်ယာဉ် ၅ စီး၊ ရေသယ်ယာဉ် ၂ စီးတို့ဖြင့် အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် မီးလောင်ခဲ့သည့် ကလေးမြို့နယ်ရှိ ပညာရေးမှူးရုံးအား သွားရောက်မီးငြိမ်းသတ်ခဲ့ကြောင်းနှင့် ခရိုင်ပညာရေးမှူးရုံးနှင့် စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၅-၁၂-၂၀၂၁)**

- **ကသာမြို့နယ်၊ ပန်းပဲရပ်ရှိ အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်းအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် KG တန်းစာသင်ဆောင်ရှိ သွပ်မိုး/ထရံကာ/အုတ်ခင်းအခန်း၏ ထရံများ၊ စာသင်ခုံနှင့် ထိုင်ခုံ စုစုပေါင်း ၁၂ ခုံတို့ မီးလောင်ပျက်စီးခဲ့။**
- **ကလေးမြို့နယ်၊ ကလေးခရိုင် ပညာရေးမှူးရုံးအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ရာ မီးလောင်မှုကြောင့် အလျား ၈၀ ပေ၊ အနံ ၂၀ ပေ၊ အမြင့် ၂၈ ပေရှိ ကွန်ကရစ်ခင်း၊ အုတ်ကာ/ သွပ်မိုး/ နံကပ်တိုက် အဆောက်အဦ ၁ လုံး မီးလောင်ပျက်စီးခဲ့။**



**အကြမ်းဖက်သမားများ၏ မီးရှို့မှုကြောင့် ခရိုင်ပညာရေးမှူးရုံး မီးလောင်နေမှု**

## PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့်မိုင်းများအား လုံခြုံရေးတပ်ဖွဲ့များက ရှာဖွေဖော်ထုတ်သိမ်းဆည်း



**သိမ်းဆည်းရမိခဲ့သည့် လက်နက်ခဲယမ်းများ**

CRPH၊ NUG အမည်ခံအကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏လက်ဝေခံ PDF အဖွဲ့များအနေဖြင့် ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်အတွက် နိုင်ငံတော်ပိုင်အဆောက်အဦများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများနှင့် ဘာသာရေးဆိုင်ရာအဆောက်အဦများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများစသည့် အကြမ်းဖက်လုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများနှင့် ရှာဖွေစစ်ဆေးမှုများအား လုပ်ဆောင်လျက်ရှိပါသည်-

- ဒီဇင်ဘာလ ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီးရှိ ဝက်လူးကျေးရွာအနီး၌ ဒေသန္တရလက်လုပ်မိုင်း ၇ လုံးနှင့် ပဲကြီး

## လူနေထိုင်ခြင်းမရှိသော နေအိမ်နှင့် တဲများအတွင်းမှ သိမ်းဆည်းရမိခဲ့သည့် လက်လုပ်မိုင်းနှင့် ဆက်စပ်ပစ္စည်းများ





ခင်းကျေးရွာ၊ အခြေခံပညာမူလတန်းလွန်ကျောင်းရှေ့တို့၌ ဒေသန္တရလက်လုပ်မိုင်း ၃ လုံးတို့အား ရှာဖွေတွေ့ရှိသဖြင့် သက်မဲ့ပြုလုပ် ဖောက်ခွဲဖျက်ဆီးခဲ့။

- ဝက်လူးကျေးရွာအတွင်း လူနေထိုင်ခြင်းမရှိသောနေအိမ်များနှင့် တဲများအတွင်းမှ ဒေသန္တရလက်လုပ်မိုင်းမျိုးစုံ ၃၀ လုံး၊ ယမ်းမှုန့် ၃ ထုပ်၊ သံတိုသံစများထည့်ထားသည့် ဆာလာအိတ်များ၊ ကီးပတ်ဖုန်းမျိုးစုံ ၂၄ လုံးနှင့် ဆက်စပ်ပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိခဲ့။
- နွားထိုးကြီးမြို့နယ်၊ ပတ်ကူကျေးရွာအနီး ယာဉ်မောင်း ဝေဖြိုးအောင် (ဘ)ဦးသိန်းစိုး မောင်းနှင်လာသည့် Hino Dina အမျိုးအစား မော်တော်ယာဉ်အား ရှာဖွေခဲ့ရာ ဆက်စပ်တရားခံများအား လက်ပစ်ဗုံးမျိုးစုံ ၄၅ လုံး၊ AK- 47 ကျည်ဆံ ၁၅၀၀ တောင့်၊ ကျည်အိမ် ၁၂ ခု၊ လျှပ်စစ်ဒီတိုနေတာ ၅၀ ခု၊ WY စာတမ်းပါမူးယစ်ဆေးဝါး ၃၀၀ ပြားနှင့် အတူ ထပ်မံဖမ်းဆီးရမိခဲ့။

အထက်ပါဖြစ်စဉ်များတွင် အများပြည်သူများအား ထိခိုက်နစ်နာသေကြေပျက်စီးစေရန်ရည်ရွယ်၍ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်ခဲ့သူများနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၅-၁၂-၂၀၂၁)**

- ဒီဇင်ဘာလ ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီးရှိ ဝက်လူးကျေးရွာအနီး၌ ဒေသန္တရလက်လုပ်မိုင်း ၇ လုံးနှင့် ပဲကြီးခင်းကျေးရွာ၊ အခြေခံပညာမူလတန်းလွန်ကျောင်းရှေ့တို့၌ ဒေသန္တရလက်လုပ်မိုင်း ၃ လုံးတို့အား ရှာဖွေတွေ့ရှိသဖြင့် သက်မဲ့ပြုလုပ်ဖောက်ခွဲဖျက်ဆီးခဲ့။
- ဝက်လူးကျေးရွာအတွင်း လူနေထိုင်ခြင်းမရှိသောနေအိမ်များနှင့် တဲများအတွင်းမှ ဒေသန္တရလက်လုပ်မိုင်းမျိုးစုံ ၃၀ လုံး၊ ယမ်းမှုန့် ၃ ထုပ်၊ သံတိုသံစများထည့်ထားသည့် ဆာလာအိတ်များ၊ ကီးပတ်ဖုန်းမျိုးစုံ ၂၄ လုံးနှင့် ဆက်စပ်ပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိခဲ့။
- နွားထိုးကြီးမြို့နယ် ပတ်ကူကျေးရွာအနီး ယာဉ်မောင်း ဝေဖြိုးအောင် (ဘ)ဦးသိန်းစိုး မောင်းနှင်လာသည့် Hino Dina အမျိုးအစား မော်တော်ယာဉ်အား ရှာဖွေခဲ့ရာ ဆက်စပ်တရားခံများအား လက်ပစ်ဗုံးမျိုးစုံ ၄၅ လုံး၊ AK- 47 ကျည်ဆံ ၁၅၀၀ တောင့်၊ ကျည်အိမ် ၁၂ ခု၊ လျှပ်စစ်ဒီတိုနေတာ ၅၀ ခု၊ WY စာတမ်းပါ မူးယစ်ဆေးဝါး ၃၀၀ ပြားနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့။


## အင်းစိန်မြို့နယ်၊ လှိုင်မြစ်လမ်း၊ အင်းစိန်ခုံးကျော်တံတားလမ်းပေါ်တွင် လုယက်မှုဖြစ်စဉ်မှ တရားခံများ ဖမ်းဆီးရမိ



**အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၌ တရားခံနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် ငွေနှင့် ရွှေထည်ပစ္စည်းများ**

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်တွင် အင်းစိန်မြို့နယ်၊ ဈေးကုန်းရပ်ကွက်၊ အင်းစိန်ဈေးတွင် ဖွင့်လှစ်ထားသော ကျိုစင်းအာမခံရွှေဆိုင်ပိုင်ရှင် ဦးနှင်းငွေသည် ဇနီး၊ သားတို့နှင့်အတူ ၎င်းတို့၏မော်တော်ယာဉ်ဖြင့် ၎င်း၏ဆိုင်မှ နေအိမ်သို့ ပြန်လာခဲ့ရာ အင်းစိန်ခုံးတံတားပေါ်ရောက်ရှိစဉ် အငှားယာဉ် Probox အဖြူရောင်သည် လမ်းပိတ်ရပ်၍ ၎င်းယာဉ်ပေါ်ပါ အမျိုးသား ၅ ဦးမှ ဦးနှင်းငွေပိုင်ဆိုင်သည့် ရွှေထည်ပစ္စည်း စုစုပေါင်း အလေးချိန် ၄ ပိဿာ ၅၀ ကျပ်သားခန့်ထည့်ထားသည့် လက်ဆွဲအိတ် ၂ လုံး (ကာလတန်ဖိုး သိန်း ၇၂၀၀ ကျပ်ခန့်)အား လုယက်ယူဆောင်ကာ အဆိုပါယာဉ်ဖြင့် ထွက်ပြေးသွားခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။

အထက်ပါ လုယက်မှုဖြစ်စဉ်မှ တရားခံများအား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် Probox ယာဉ်



**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၂ ရပ်ကွက်၌ တရားခံများနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် ငွေနှင့် ရွှေထည်ပစ္စည်းများ**

အား လက်ပစ်ဗုံးတစ်လုံးနှင့်အတူ အင်းစိန်မြို့နယ်၊ ဒညင်းကုန်း ဘူတာအနီးရှိ "အာကာကျော်" ကားဘော်ဒီနှင့် ဆေးမှုတ်ရုံ၌ သိမ်းဆည်းရမိခဲ့ပြီး ယာဉ်ပိုင်ရှင်အား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂) ရပ်ကွက်၌ တရားခံ သန့်ဇင်ဦး(၃၃)နှစ်နှင့် အေးအေးဟန်(၄၃) နှစ်တို့အား ငွေကျပ် ၁၁ သိန်းကျော်၊ ရွှေထည်ပစ္စည်းမျိုးစုံ ၂၄၆ ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံများ၏ ထွက်ဆိုချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဖော်ထုတ်ဖမ်းဆီးခဲ့ရာ-

- အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၌ တရားခံတစ်ဦးအား ငွေကျပ် ၉ သိန်း၊ ရွှေထည်ပစ္စည်းမျိုးစုံ ၁၈၇ ခုတို့နှင့်လည်းကောင်း။
- မြောက်ဥက္ကလာပမြို့နယ်၊ (၁) ရပ်ကွက်၌ တရားခံ ၃ ဦးတို့အား ငွေကျပ် ၁၃၅ သိန်း၊ ရွှေထည်ပစ္စည်းမျိုးစုံ ၂၉ ခု၊ Probox အငှားယာဉ် တစ်စီးနှင့်လည်းကောင်း။
- မရမ်းကုန်းမြို့နယ်၊ ကြက်ခြံကွင်း(၁)ရပ်ကွက်၌ ရွှေထည်များအား ဖျောက်ဖျက်ရန် ရည်ရွယ်ချက်ဖြင့် ရွှေအရည်ကျိုမည့် တရားခံ တစ်ဦးအားလည်းကောင်း။
- သမိုင်းမြို့သစ်ရပ်ကွက်၌ တရားခံတစ်ဦးအား ငွေကျပ် ၉ သိန်း၊ ရွှေထည်မျိုးစုံ ၃၁ ခုတို့နှင့်အတူ လည်းကောင်း။
- မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၌ တရားခံ ၂ ဦးအား ရွှေထည်ပစ္စည်းမျိုးစုံ ၂၆ ခု၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၅၀ ပြားတို့နှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။

ဖြစ်စဉ်တွင် တရားခံ ကျား ၇ ဦး၊ မ ၃ ဦး၊ ပေါင်း ၁၀ ဦးတို့အား ငွေကျပ် ၁၆၄ သိန်းကျော်၊ ရွှေလက်စွပ်မျိုးစုံ ၂၈၄ ကွင်း၊ ရွှေနားကပ်မျိုးစုံ ၈၇ ရန်၊ ရွှေဆွဲပြားမျိုးစုံ ၄၄ ပြား၊ ရွှေဟန်းချိန်း ၁၂ ခု၊ ရွှေဆွဲကြိုးမျိုးစုံ ၆၇ ကုံး၊ ရွှေလက်ကောက်မျိုးစုံ ၂၃ ကွင်း၊ ရွှေကြယ်သီး ၂ ခု၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၅၀ ပြား၊ အငှားယာဉ် ၂ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံများသည် ဖမ်းဆီးရန်ကျန် တရားခံ ၅ ဦးနှင့်အတူ ရွှေဆိုင် ဖွင့်/ပိတ်ချိန်များ၊ ယာဉ်ဝင်/ထွက်ချိန်များ စောင့်ကြည့်ခြင်း၊ ဦးနှင်းငွေ၏ ယာဉ်နောက်မှလိုက်ကာ အခြေအနေစောင့်ကြည့်ခြင်း၊ ဦးနှင်းငွေ၏ယာဉ်အား ရှေ့မှပိတ်ဆို့ရပ်တန့်စေကာ လုယက်ခြင်းများကို တာဝန်ခွဲဝေကာ လုပ်ဆောင်ခဲ့ကြောင်း သိရှိရပြီး လုယက်ရရှိသော ပစ္စည်းများကို ကိုယ်ကျိုးအတွက်အသုံးပြုရန် ထုခွဲရောင်းချခြင်း၊ ရွှေထည်ပစ္စည်းများကို ဖျောက်ဖျက်ရန်အတွက် ရွှေအရည်ကျိုခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရှိရပါသည်။

ဖမ်းဆီးရမိ တရားခံများအနေဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်အတွက် အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် ဖောက်ခွဲရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်း၊ လုံခြုံရေးအရတပ်ဆင်ထားသော CCTV ကင်မရာများ၊ Control Box များအား ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်ထားမှုအပေါ် အခွင့်ကောင်းယူ၍ ကိုယ်ကျိုးရှာ လုယက်မှုကို ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ထိုသို့လုယက်မှုကျူးလွန်ရာ



**မြောက်ဥက္ကလာပမြို့နယ်၊ (၁) ရပ်ကွက်၌ တရားခံနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် ငွေနှင့် ရွှေထည်ပစ္စည်းများ**


တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သုံးစွဲ၍ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

ပြည်သူလူထုများအနေဖြင့် ဖမ်းဆီးရန်ကျန် တရားခံများနှင့် တည်ငြိမ်အေးချမ်းမှုကို မလိုလားသော PDF အမည်ခံ အကြမ်းဖက်သမားများ၏ လှုပ်ရှားသွားလာနေထိုင်မှုများကို သိရှိပါက လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးတည်ငြိမ်အေးချမ်းစေရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၅-၁၂-၂၀၂၁)**

- **အင်းစိန်မြို့နယ်၊ အင်းစိန်ဈေးတွင် ဖွင့်လှစ်ထားသော ကျုံစင်းအာမခံရွှေဆိုင်ပိုင်ရှင် ဦးနှင်းငွေသည် ဇနီး၊ သားတို့နှင့်အတူ မော်တော်ယာဉ်ဖြင့် နေအိမ်သို့ ပြန်လာခဲ့ရာ အင်းစိန်ခုံတံတားပေါ်ရောက်ရှိစဉ် အငှားယာဉ် Probox အဖြူရောင်သည် လမ်းပိတ်ရပ်၍ အမျိုးသား ၅ ဦးမှ ဦးနှင်းငွေပိုင်ဆိုင်သည့် ရွှေထည်ပစ္စည်း စုစုပေါင်း အလေးချိန် ၄ ပိဿာ ၅၀ ကျပ်သားခန့်ထည့်ထားသည့် လက်ဆွဲအိတ် ၂ လုံး (ကာလတန်ဖိုး သိန်း ၇၂၀၀ ကျပ်ခန့်)အား လုယက်ယူဆောင်ကာ အဆိုပါယာဉ်ဖြင့် ထွက်ပြေးသွားခဲ့။**
- **တရားခံများအား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ရာ တရားခံ ကျား ၇ ဦး၊ မ ၃ ဦး၊ ပေါင်း ၁၀ ဦးတို့အား ငွေကျပ် ၁၆၄ သိန်းကျော်၊ ရွှေလက်စွပ်မျိုးစုံ ၂၈၄ ကွင်း၊ ရွှေနားကပ်မျိုးစုံ ၈၇ ရန်၊ ရွှေဆွဲပြားမျိုးစုံ ၄၄ ပြား၊ ရွှေဟန်းချိန်း ၁၂ ခု၊ ရွှေဆွဲကြိုးမျိုးစုံ ၆၇ ကုံး၊ ရွှေလက်ကောက်မျိုးစုံ ၂၃ ကွင်း၊ ရွှေကြယ်သီး ၂ ခု၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၅၀ ပြား၊ အငှားယာဉ် ၂ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့။**
- **ဖမ်းဆီးရမိ တရားခံများအနေဖြင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်အတွက် အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် ဖောက်ခွဲရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်း၊ လုံခြုံရေးအရတပ်ဆင်ထားသော CCTV ကင်မရာများ၊ Control Box များအား ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်ထားမှုအပေါ် အခွင့်ကောင်းယူ၍ ကိုယ်ကျိုးရှာလုယက်မှုကို ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ထိုသို့လုယက်မှုကျူးလွန်ရာတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သုံးစွဲ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်။**

## အင်းစိန်မြို့နယ်၊ အင်းစိန်ခုံးကျော်တံတားပေါ်တွင် လုယက်မှုဖြစ်စဉ်မှ တရားခံများဖမ်းဆီးရမိမှု အခြေပြဇယား








တရားခံများ အသုံးပြုခဲ့သည့် မော်တော်ယာဉ်နှင့် ၎င်းပေါ်မှ သိမ်းဆည်းရမိခဲ့သည့် လက်ပစ်ဗုံး



မရမ်းကုန်းမြို့နယ်၊ သမိုင်းသစ်ရပ်ကွက်၌ တရားခံနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် ငွေနှင့် ရွှေထည်ပစ္စည်းများ





မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၌ တရားခံများနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် ငွေ၊ ရွှေထည်ပစ္စည်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ

# ဖမ်းဆီးရမိသည့် အကြမ်းဖက်သမားများအား စစ်တရားရုံးဖြင့် စစ်ဆေးပြီး ပြစ်ဒဏ်အသီးသီးချမှတ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မဟာဗန္ဓုလလမ်းနေ ဇော်မင်းဦး(ခ) စွန်ရဲ(ခ)ကြွက်နှင့် ဇနီးဖြစ်သူ ကျင်ကျင်မွေး(ခ)ပျိုပျိုတို့သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ စက်တင်ဘာလအတွင်း ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် တတ်ကြွစွာပါဝင်လှုပ်ရှားခြင်း၊ အကြမ်းဖက်အဖွဲ့ ဖွဲ့စည်း၍ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သည့်အတွက်ကြောင့်လည်းကောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ပိတောက်ရွှေဝါလမ်းနေ စည်သူဖြိုးသည် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေငြာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးကောက်ခံထောက်ပံ့ခြင်းများကို လုပ်ဆောင်ခဲ့သည့်အတွက်ကြောင့်လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ)နှင့် ၅၀(ည)တို့အရ ဒီဇင်ဘာလ ၂၃ ရက်တွင် ၎င်းတို့ ၃ ဦးအား "ထောင်ဒဏ် တစ်သက် " ပြစ်ဒဏ်အား အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

စက်တင်ဘာလ ၉ ရက်တွင် ချစ်ကိုကို (ခ)နဂါး၊ မျိုးဇင်အောင်(ခ)ကိုမျိုးနှင့် နေသွေးတို့သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ် (၆၀)ရပ်ကွက်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား သေနတ်ဖြင့် ဝိုင်းဝန်းပစ်ခတ်ခြင်း၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်းများ ကျူးလွန်ခဲ့သဖြင့် စစ်အုပ်ချုပ်ရေး(Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(က)/၅၄ အရ ဒီဇင်ဘာလ ၂၃ ရက်တွင် ၎င်းတို့ ၃ ဦးအား "သေဒဏ် "အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါပြစ်ဒဏ်ချမှတ်ခံရသူများအနက်မှ ထွက်ပြေးလွတ်မြောက်နေသူများအား ၎င်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ပါသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားပြီး အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၂၅-၁၂-၂၀၂၁)**



**တရားခံ ဇော်မင်းဦး၊ ကျင်ကျင်မွေးနှင့် စည်သူဖြိုး**
**(ထောင်ဒဏ် တစ်သက်)**



**တရားခံ ချစ်ကိုကိုနှင့် မျိုးဇင်အောင်**
**(သေဒဏ်)**

- **ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် တတ်ကြွစွာပါဝင်လှုပ်ရှားခြင်းနှင့် အကြမ်းဖက်အဖွဲ့ ဖွဲ့စည်း၍ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခြင်းများ ပြုလုပ်ခဲ့သူ ၃ ဦးအား အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ဈ) နှင့် ၅၀(ည)တို့အရ "ထောင်ဒဏ် တစ်သက် " ပြစ်ဒဏ်ချမှတ်ခဲ့။**
- **လုံခြုံရေးတပ်ဖွဲ့ဝင်များအား သေနတ်ဖြင့် ဝိုင်းဝန်းပစ်ခတ်ခြင်းနှင့် လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်းတို့ကို ကျူးလွန်ခဲ့သူ ၃ ဦးအား အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(က)/၅၄အရ "သေဒဏ်"အမိန့်ချမှတ်ခဲ့။**